# မြန်မာ့လူ့အဖွဲ့အစည်းဆိုင်ရာတန်ဖိုးထားမှုနှင့်  လူ့အခွင့်အရေး

"လူ့အခွင့်အရေး" ဆိုသော စကားရပ်သည် စစ်အေးလွန်ခေတ် ကမ္ဘာကြီးတွင် အပြည်ပြည်ဆိုင်ရာ၌ ပေါ်လွင်ထင်ရှားလာပြီး အာရှ နိုင်ငံများ အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်လာကြရပါသည်။ အာရှနိုင်ငံ အများအပြားသည် လူ့အခွင့်အရေးများကို အကောင်အထည်ဖော်ရာ၌ မတူညီသော ယဉ်ကျေးမှု -လေ့ထုံးတမ်းများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၊ အခြားသော လူမှုရေးအနေအထားများနှင့် စပ်လျဉ်း၍ ရင်ဆိုင်ဖြေရှင်းခဲ့ကြရသည်။

ယနေ့ ကမ္ဘာနိုင်ငံအသီးသီး၏ အနေအထားကို ကြည့်လျှင် ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံ များနှင့် ဖွံ့ဖြိုးမှုနောက်ကျနေသော နိုင်ငံများဟူ၍ အကြမ်းဖျင်းအားဖြင့် ခွဲခြားနိုင်သည်။ ယင်းသို့ ဖွံ့ဖြိုးမှုမတူသော အခြေအနေတွင် နိုင်ငံတိုင်းကို တစ်ခုတည်းသောစံဖြင့် လူ့အခွင့်အရေးကို တိုင်းတာသည်မှာ မျှတမှု ရှိ/မရှိ အထူးဖော်ပြရန်ပင် လိုမည်မထင်ပါ။

နိုင်ငံတိုင်း၊ အစိုးရတိုင်းသည် လူ့အခွင့်အရေးကို လေးစားကြသည်သာဖြစ်သည်။ သို့ရာတွင် မိမိတို့နိုင်ငံအလိုက် ကာလရှည်ကြာစွာ လက်ခံကျင့်သုံးခဲ့သော -လေ့ထုံးတမ်းများ၊ ယဉ်ကျေးမှုများ၊ လူမှုရေး၊ စီးပွားရေး အခြေအနေများကို အခြေခံသော လူ့အခွင့်အရေးစံကို လက်ခံကျင့်သုံးကြသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများက လူ့အခွင့်အရေးကို ကျင့်သုံးရာတွင် လူတစ်ဦးချင်း (Individual) ကို အခြေခံ သည်။ တစ်နည်းအားဖြင့် အနောက်နိုင်ငံများ၏ တန်ဖိုးထားပြီး (Western Values) ဟု ဆိုရပေမည်။ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများက လူ့အခွင့်အရေးကို ကျင့်သုံးရာတွင် လူတစ်ဦးချင်းထက် မိသားစု တစ်နည်းအားဖြင့် လူမှုအသိုင်းအဝိုင်း (Community)ကို အခြေခံသည်။ အကြီးအကဲများကို လေးစားခြင်း၊ မိသားစုအပေါ် အလေးထားခြင်း၊ မိမိကိုယ်တိုင် စည်းကမ်းတကျနေခြင်း စသည့်အခြေခံအချက်များ ပေါ်တွင် နိုင်ငံအလိုက်၊ ဒေသဆိုင်ရာအလိုက် ထူးခြားချက်များ၊ သမိုင်း နောက်ခံအချက်အလက်များ၊ ယဉ်ကျေးမှု-လေ့ထုံးစံမများအပြင် ဘာသာရေးထိန်းကွပ်မှုများကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ တစ်ဒေသနှင့်တစ်ဒေသ လူ့အခွင့်အရေးဆိုင်ရာ ကျင့်သုံးမှုများ ကွဲပြားခြားနားရခြင်းဖြစ်သည်ဟု သုံးသပ်မိပါသည်။

ပညာရှင်တစ်ဦးက အာရှတန်ဖိုးထားမှု နှင့် အနောက်တိုင်း တန်ဖိုးထားမှု နှိုင်းယှဉ်ချက်ပြုလုပ်ရာ အာရှ၏ လူ့အဖွဲ့အစည်းဆိုင်ရာ တန်ဖိုးထားမှု (Societal Values)ခြောက်ရပ်ကို အောက်ပါ အတိုင်း ဖော်ပြထားပါသည်-

(၁) စည်းကမ်းရှိသော လူအဖွဲ့အစည်း၊

(၂) ညီညွတ်သော လူအဖွဲ့အစည်း၊

(၃) နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ကို အလေးထားခြင်း၊

(၄) အတွေးအခေါ်သစ်များ လက်ခံခြင်း၊

(၅) လွတ်လပ်စွာ ရေးသား ထုတ်ဖော် ပြောဆိုနိုင်ခြင်း၊

(၆) အကြီးအကဲများကို လေးစားခြင်းတို့ဖြစ်သည်။

အနောက်တိုင်း၏လူအဖွဲ့အစည်းဆိုင်ရာ တန်ဖိုးထားမှု ခြောက်ရပ်မှာ-

(၁) လွတ်လပ်စွာ ရေးသား ထုတ်ဖော် ပြောဆိုနိုင်ခြင်း၊

(၂) တစ်ဦးချင်း၏လွတ်လပ်ခွင့်ကို အလေးထားခြင်း၊

(၃) ကိုယ်ပိုင်လွပ်လပ်ခွင့်ရှိခြင်း၊

(၄) ပွင့်လင်းစွာ ပြိုင်ဆိုင် ပြောဆိုခွင့်ရှိခြင်း၊

(၅) မိမိအကျိုးကိုဦးစားပေး တွေးခေါ်ခြင်း နှင့်

(၆) နိုင်ငံ့ဝန်ထမ်းများ၏တာဝန်ကိုအလေးထားခြင်းတို့ဖြစ်သည်။

အာရှတိုက်သားတို့က စည်းကမ်းရှိမှု၊ ညီညွတ်မှုနှင့် အာဏာပိုင်အား လေးစားမှုကို အလေးထား ရွေးချယ်ပြီး အမေရိကန်တို့က တစ်ဦးချင်းရပိုင်ခွင့်နှင့် ပွင့်လင်းစွာ ပြိုင်ဆိုင်ပြောဆိုခွင့်တို့ကို အလေးထားသည်မှာလည်း အံ့သြဘွယ်မဟုတ်ပေ။ အာရှတိုက်သားများ၏ ကိုယ်ရေးဆိုင်ရာ တန်ဖိုးထားမှုအနက် အခြားသူများနှင့်ပတ်သက်၍ လုပ်ဆောင်အပ်သည်ကို လုပ်ဆောင်ခြင်းကိုပိုမို အလေးထားပြီး အရှေ့အာရှတိုက်သားများက ပညာသင်ယူမှုနှင့် မိမိကိုယ်ကို စည်းကမ်းထိန်းသိမ်းခြင်း တို့တွင် အနောက်တိုင်းသားတို့ထက် တန်ဖိုးထားကြောင်း တွေ့ရသည်။

ပညာရှင်အချို့က အာရှတန်ဖိုးကို အကျယ်ဖွင့်ဆို သုံးသပ်ကြရာ၌ အခွင့်အာဏာကို လေးစားခြင်း၊ ပြည်သူ့ရပိုင်ခွင့်ထက် ပြည်သူ့တာဝန်ကို အလေးထားခြင်း၊ အုပ်စုလိုက် ကြိုးပမ်းအားထုတ်၍ အုပ်စုလိုက်အကျိုးခံစားခြင်း စသည့် စံနှုန်းများဖြစ်သည်ဟု သုံးသပ်ကြသည်။ အာရှတန်ဖိုးက အလေးအနက်ပြုသည်မှာ မိသားစုအသိုက်အမြုံ၊ ပညာရေး၊ ချွေတာစုဆောင်းခြင်း နှင့် အလုပ်ကြိုးစားခြင်း တို့ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အာရှတိုက်သားများက အာရှတန်ဖိုးထား၍ အနောက်တိုင်းက အနောက်တိုင်း တန်ဖိုးထားမည်သာ ဖြစ်သည်။ ယင်းတန်ဖိုးနှစ်ခုကို တစ်ထပ်တည်း ဖြစ်အောင် ကျင့်သုံးရန်မှာ မည်သို့မျှ ဖြစ်နိုင်မည်မဟုတ်ပါ။ အပြန်အလှန် နားလည်ပေးကြရန်သာ ဖြစ်သည်။

မြန်မာနိုင်ငံသည် မိမိ၏မိသားစု၊ မိမိ၏ပတ်ဝန်းကျင်ကို အလေးထားသော နိုင်ငံဖြစ်သည်။ ကိုယ်ရေးလွတ်လပ်မှုထက် မိသားစု၊ လူ့ပတ်ဝန်းကျင်၏ အကျိုးစီးပွားကို ပို၍ အလေးထားသည်။ ရှေးမြန်မာမင်းများလက်ထက်ကပင် လက်ခံကျင့်သုံးခဲ့သော အခြေခံ လူမှုဝတ္ထရားများ၊ နီတိများ၊ ကျင့်ဝတ် များ၊ အလေ့အထများနှင့် ယုံကြည်မှုများက လူအချင်းချင်း လေးစားရန်၊ တစ်ဦး၏အခွင့်အရေးကို တစ်ဦးက အလေးပေးရန်၊ တစ်ဦးကိုတစ်ဦး ကာကွယ်စောင့်ရှောက်ပေးရန်မှာ မြန်မာတို့၏ အလေ့အကျင့် ကောင်းအဖြစ် စွဲမြဲတည်ရှိပြီးဖြစ်ပါသည်။ ယင်းတို့သည် လူ့အခွင့်အရေးဆိုင်ရာ မြန်မာတို့၏ တန်ဖိုးထားမှုပင် ဖြစ်ပေသည်။

မြန်မာလူမျိုးတို့သည် အခြေခံလူ့အခွင့်အရေးများဖြစ်သော လူသားတစ်ဦးတွင် မရှိမဖြစ် လိုအပ်သည့် စားဝတ်နေရေး ဖူလုံမှုရှိစေရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားနေကြသည်။ နိုင်ငံ မဖွံ့ဖြိုးသေးဘဲ လူတစ်ဦးချင်းစီ၏ ရပိုင်ခွင့်များကို အော်ဟစ်တောင်းခံနေမည်ဆိုလျှင် အိမ်ရှေ့ပူ၊ အိမ်နောက်မချမ်းသာရုံမျှလွဲ၍ ဘာမျှ အကျိုးရလဒ်ရှိမည် မဟုတ်ပါ။ မိသားစု တစ်စု၊ အိမ် တစ်အိမ်နှင့် ဥပမာပေးရပါလျှင် စားဝတ်နေရေး ပြေလည်အောင် မိသားစု စည်းလုံးညီညွတ်သော စိတ်-ဓါတ်ဖြင့် တက်ညီလက်ညီရှာဖွေ၍ စည်းကမ်းတကျ စီမံခန့်ခွဲနေထိုင်မှသာလျှင် ပျော်ရွှင်ဖွယ်ရာ မိသားစု ဖြစ်လာပေလိမ့်မည်။ ယင်းသို့မဟုတ်ဘဲ မိဘကလည်း ကိုယ့်ရပိုင်ခွင့်၊ သားသမီးကလည်း လုပ်ပိုင်ခွင့်တွေ တောင်းဆိုပြီး လူ့အခွင့်အရေး နာမည်တပ်နေလျှင် ထိုမိသားစု ပျက်စီးဖို့သာ ရှိပါမည်။ ဘယ်အခွင့်အရေးပဲဖြစ်ဖြစ် သူ့အိုးနှင့်သူ့ဆန် ဖြစ်ဖို့လိုပါသည်။

အနောက်နိုင်ငံများတွင် အရွယ်ရောက်လာလျှင် သားသမီးများက မိဘများကို စွန့်ခွာပြီး ကိုယ့်အားကိုယ့်ကိုး သီးခြားနေထိုင်ကြသည်။ တစ်နည်းအားဖြင့် လွတ်လပ်စွာ နေထိုင်လိုမှုကို ဦးစားပေးကြသည်။ ၎င်းကိုပင် အနောက်နိုင်ငံ၏ ယဉ်ကျေးမှုဟု သတ်မှတ်ကြသည်။ မြန်မာတို့၏ ယဉ်ကျေးမှုမှာတော့ ဓိအယူအဆကို လက်လည်းမခံ၊ မည်သူမျှလည်း မကျင့်သုံးကြပါ။ အသက် ၁၈ နှစ် မဆိုထားနှင့် အသက် ၅၀ အရွယ်ကိုပင် သားလေး၊ သမီးလေး ဟူ၍ မိဘမျက်စေ့ရှေ့တွင် ကလေးသဖွယ် မြင်တုန်း၊ ပြောတုန်း ဖြစ်သည်။ မိဘနှင့် သားသမီး အပြန်အလှန် စောင့်ရှောက်ကြသည်။ ဓိ-လေ့ထုံးတမ်းကို ကျော်လွန်ပြီး အနောက်ယဉ်ကျေးမှု ပေတံနှင့် တိုင်းတာကျင့်သုံးလျှင်တော့ အာရှတန်ဖိုး ပျက်ပြီဟု နှမြောတသစွာ ဆိုရပါတော့မည်။

ထေရဝါဒ ဗုဒ္ဓဘာသာတရား၏ အဆုံးအမတို့ကလည်း မြန်မာတို့၏ နေမှု၊ ထိုင်မှု၊ ပြောဆိုမှု တို့ကို ထိန်းကွပ်ပေးသည်။ အကြီးအကဲကို ရိုသေလေးစားခြင်းသည် မြန်မာတို့၏ ဂုဏ်ပုဒ်တစ်ခုဖြစ်သည်။ ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းခြင်း၊ အနန္တဂိုဏ်းဝင် မိဘ၊ ဆရာကို ရိုသေလေးစားခြင်းသည် သင်စရာမလိုသည့် မြန်မာတို့၏သွေးထဲမှာ

တည်ရှိနေသော ဂုဏ်သတ္တိဖြစ်သည်။ မိမိ၏ကိုယ်ပိုင် ခံစားချက်တစ်ရပ်ကို ရှေ့တန်းတင်၍ လူတစ်ဦးချင်းစီ၏ အခွင့်အရေးအဖြစ် မိဘ၊ ဆရာသမားတို့အပေါ် မည်သည့် မြန်မာလူမျိုးမှ အခွင့်အရေး မတောင်းဆို၊ အစဉ်တစ်စိုက် ရိုသေလေးစားနေကြခြင်းသည် အရှေ့တိုင်းသား၊ အထူးသဖြင့် မြန်မာတို့၏ တန်ဖိုးပင်ဖြစ်ပါသည်။ မိဘဝတ်၊ ဆရာဝတ်၊ သားသမီးဝတ်၊ လင်ဝတ်၊ မယားဝတ်ဟူ၍ နိတိကျင့်ဝတ် များကို လိုက်နာကြခြင်းဖြင့် အပြန်အလှန် လေးစားကြ၊ စောင့်ရှောက်ကြ၊ အခွင့်အရေးပေးကြသည်။ ိကျင့်ဝတ်တွေကို လေးစားလိုက်နာကျင့်သုံးကြခြင်း သည်ပင်လျှင် နှလုံးစိတ်ဝမ်းအေးချမ်းလှစွာသော၊ တန်ဖိုးမဖြတ်နိုင်သော လူ့အခွင့်အရေးများဖြစ်သည်ဟု သုံးသပ်မိပါသည်။

နည်းပညာများ ထွန်းကားလာမှုကြောင့် ဂလိုဘယ်လိုက်ဇေးရှင်း ခေါ် ကမ္ဘာ့ရွာကြီး ဘယ်လိုပဲ ဖြစ်လာဖြစ်လာ ကိုယ့်နိုင်ငံ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်-လေ့ထုံးစံအလိုက်ပင် နေကြ၊ ထိုင်ကြ၊ ကျင့်သုံး ကြသည်မှာ အဓိ-ပ္ပာယ်ရှိလှပါသည်။ အခြေခံစရိုက်မတူလျှင် ယဉ်ကျေးမှု မတူနိုင်ပါ။ အနောက်နိုင်ငံများက တစ်ခုတည်းသောစံဖြင့် တိုင်းတာ၍ လူ့အခွင့်အရေးကို ချိုးဖေါက်သည်ဟု စွပ်စွဲထားသည်မှာ မျှတပါမည်လား။ မမျှတ၍သာ အနောက်တိုင်းတန်ဖိုးထားမှု (Western Values)၊ အရှေ့တိုင်းတန်ဖိုးထားမှု(Asian Values) ဆိုသည့် တန်ဖိုးထားမှု နှစ်မျိုးကို လူ့အခွင့်အရေးပြဿနာအဖြစ် ယနေ့ ကမ္ဘာတွင် အငြင်းပွားနေကြပါသည်။

အချုပ်အားဖြင့်ဆိုရသော် တစ်ဦးချင်း အခွင့်အရေးကို ရှေ့တန်းမတင်ဘဲ မိသားစု စိတ်ဓါတ်ဖြင့် စုပေါင်းဆောင်ရွက်၊ စုပေါင်းမျှဝေ ခံစားတတ်သည့် အသိုင်းအဝိုင်းဆိုင်ရာ တန်ဖိုးထားမှု (Societal Values) အပြည့်အဝရှိသော ကျွန်မတို့မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ တန်ဖိုးထားမှုကို နားလည်ပေးကြစေလိုကြောင်း မေတ္တာရပ်ခံ တိုက်တွန်းလိုက်ရပါသည်။